အမှတ်စဉ် - ၁


ပြည်သူ့လွှတ်တော်ရုံး



သုတေသနဌာန

# လစဉ်စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်နှင့် ညွှန်းကိန်းများ




www https://www.pyithuhluttaw.gov.mm/economic_news

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၁ ရက်

## အကျဉ်းချုပ်

ယခုစာတမ်းတိုသည် ပြည်သူ့လွှတ်တော်ရုံး၊ သုတေသန၊ နည်းပညာနှင့် နိုင်ငံတကာ ဆက်ဆံရေးဌာနကြီး၊ သုတေသနဌာန၏ သုတေသနဝန်ဆောင်မှုများအနက် အသစ်ထုတ်ဝေသော ဝန်ဆောင်မှုတစ်ခုဖြစ်ပါသည်။ မက်ခရို၊ မိုက်ခရို စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက် များကို လစဉ်၊ ဒုတိယအပတ်အတွင်း ထုတ်ဝေသွားရန် ရည်မှန်းချက်ထားရှိပါသည်။ ကိုယ်စားလှယ်များ၊ ဝန်ထမ်းများအနေဖြင့် စီးပွားရေးဆိုင်ရာ အချက်အလက်များကို သိရှိစေရန် ရည်ရွယ်ရေးသားခြင်း ဖြစ်ပါသည်။ ဤစာတမ်းတိုတွင် အကြောင်းအရာ ၁၁ ခုပါဝင်ပြီး အချို့သောအချက်အလက်များသည် နှစ်စဉ် သို့မဟုတ် သုံးလပတ်စဉ်အလိုက် ရရှိသောကြောင့် လည်းကောင်း၊ အချို့သောအကြောင်းအရာများတွင် အချက်အလက်များကို လစဉ်ရရှိသော ကြောင့်လည်းကောင်း၊ ရရှိမှုအပေါ်မူတည်၍ ပြုစုတွက်ချက် ဖော်ပြထားပါသည်။ လစဉ်ရရှိသော အချက်အလက်များကို နောင်တွင် လေးလပတ်အလိုက်နှိုင်းယှဉ်ခြင်း၊ တိုးတက်မှု၊ လျော့နည်းမှု များအား ဖော်ပြခြင်းဖြင့် ဆက်လက်ထည့်သွင်း ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ အကြောင်းအရာ တစ်ခုစီတွင် ခေါင်းစဉ်နှင့်စပ်လျဉ်းသော သဘောတရားအနည်းငယ်ကို ဦးစွာဖော်ပြ၍ ကိန်းဂဏန်း များကို Table ၊ Bar Chart ၊ Line Graph နှင့် Pie Chart များဖြင့် အကျဉ်းချုပ်ရေးသား တင်ပြထားပါသည်။ ကိန်းဂဏန်းအချက်အလက်များကို စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ Statistical Year Book (2019) နှင့် နေ့စဉ်ထုတ် သတင်းစာများမှ လည်းကောင်း၊ အချို့ အချက်အလက်များအား သက်ဆိုင်ရာ Website များမှလည်းကောင်း ရယူဖော်ပြထားပါကြောင်း တင်ပြအပ်ပါသည်။


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စုစုပေါင်း ပြည်တွင်းထုတ်ကုန် (Gross Domestic Product–GDP) | ၃ |
| ၂။ | နိုင်ငံခြားကုန်သွယ်မှု (Foreign Trade) | ၄ |
| ၃။ | ရင်းနှီးမြှုပ်နှံမှု( Investment) | ၅ |
| ၄။ | အလုပ်အကိုင်ရရှိမှု | ၇ |
| ၅။ | စတော့ရှယ်ယာ | ၉ |
| ၆။ | နိုင်ငံတကာငွေကြေးလဲလှယ်နှုန်း | ၁၁ |
| ၇။ | စားသုံးသူစျေးဆန်နှုန်းကိန်း (Consumer Price Index –CPI) | ၁၂ |
| ၈။ | ငွေကြေးဖောင်းပွမှု | ၁၃ |
| ၉။ | ရွှေစျေးနှုန်းနှင့် ရွှေ၏အရေးပါမှု | ၁၆ |
| ၁၀။ | စက်သုံးဆီ | ၁၇ |
| ၁၁။ | အစားအစာအုပ်စု | ၁၈ |

## စုစုပေါင်း ပြည်တွင်းထုတ်ကုန် (Gross Domestic Product-GDP)


၁။ စုစုပေါင်း ပြည်တွင်းထုတ်ကုန် (Gross Domestic Product-GDP) ဆိုသည်မှာ ပြည်တွင်း အသားတင်ထုတ်ကုန်တန်ဖိုး စုစုပေါင်းကို ဆိုလိုပါသည်။ စီးပွားရေးအဆောက်အအုံအတွင်း၌ ထုတ်လုပ်ထားသော နောက်ဆုံးသုံးကုန်စည်အားလုံး၏ ငွေကြေးတန်ဖိုးကိုတွက်ချက်ပြီး စုပေါင်း ၍ဖော်ပြသောတန်ဖိုးအား စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး (GDP) ဟုခေါ်ပါသည်။၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်၏ ပုံသေဈေးနှုန်းအပေါ်အခြေခံ၍ တွက်ချက်ထားသော ကဏ္ဍကြီး (၃) ရပ်၏ ၂၀၁၅-၂၀၁၆ ခုနှစ် မှ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလ) အထိ စုစုပေါင်းပြည်တွင်း ထုတ်ကုန်တန်ဖိုးများကို အောက်ပါ Bar Graph ဖြင့် ဖော်ပြထားပါသည်-

### ကဏ္ဍအလိုက် ပုံသေဈေးနှုန်းဖြင့် တွက်ချက်ထားသော တိုင်းပြည်ဝင်ငွေ




*Source: 2019 Myanmar Statistical Yearbook Book*

**ပုံသေဈေးနှုန်းများဖြင့် တွက်ချက်ထားသော စုစုပေါင်း တိုင်းပြည်ဝင်ငွေ**





*Source: 2019 Myanmar Statistical Yearbook Book*

## နိုင်ငံခြားကုန်သွယ်မှု (Foreign Trade)

၂။ နိုင်ငံခြားကုန်သွယ်မှုဟူသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ သို့မဟုတ် နယ်မြေတစ်ခုနှင့်တစ်ခုကြား ရင်းနှီးမြှုပ်နှံမှု ဖလှယ်ခြင်း၊ အရင်းအနှီးများ၊ ကုန်စည်များ၊ ဝန်ဆောင်မှုများဖလှယ်ခြင်းကို ခေါ်ပါသည်။ နိုင်ငံခြားကုန်သွယ်မှု ပုံသဏ္ဍာန်သည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ လိုက်လျောညီထွေမှုရှိပါသည်။ နိုင်ငံခြားကုန်သွယ်မှုတွင် ကုန်စည်များ၊ ဝန်ဆောင်မှုများ လုပ်ငန်းများ ပြည်ပသို့တင်ပို့ခြင်း၊ တင်သွင်းခြင်း စသည်တို့ပါဝင်ပါသည်။ ပို့ကုန်တန်ဖိုးနှင့် သွင်းကုန် ခြားနားချက်ကို ကုန်သွယ်မှုလိုငွေ (Trade Deficit) သို့မဟုတ် ကုန်သွယ်မှုပိုငွေ (Trade Surplus) ဟုခေါ်ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၏ (အောက်တိုဘာလမှဒီဇင်ဘာလအထိ) ပို့ကုန်/သွင်းကုန် အခြေအနေများကို တစ်ဖက်ပါ Bar Graph ဖြင့် ဖော်ပြထားပါသည်-

## ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် မြန်မာနိုင်ငံ၏ ပို့ကုန်/သွင်းကုန် အခြေအနေ (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)




*Source:* *Myanmar Digital News*

**မှတ်ချက်။** စုစုပေါင်းကုန်သွယ်မှုပမာဏသည် ၉၇၅၂.၄၀ သန်းဖြစ်ပြီး ပို့ကုန်နှင့်သွင်းကုန်တို့၏ ခြားနားချက်အရ ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၂၈.၁၂ သန်းဖြစ်ပါသည်။[1]


## ရင်းနှီးမြှုပ်နှံမှု (Investment)

၃။ ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်သည့်ပစ္စည်းများကို ဆိုလိုခြင်းဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဟူ၍ နှစ်မျိုးရှိပါသည်။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအထိ ခွင့်ပြုခဲ့သည့် နိုင်ငံခြားနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအခြေအနေကို ဖော်ပြပါ Bar Graph များဖြင့် ဖော်ပြထားပါသည်–

---


[1] ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ **Myanmar Digital News၊** {http://www.mdn.gov.mm/my/2019-2020-bhnnddaanc-aeaakttiubhaalm-diijngbhaalathi-mnmaaniungngne-piukun-sngkun-akheane}

## ရင်းနှီးမြှုပ်နှံခွင့် ပြုခဲ့သည့် လုပ်ငန်းအရေအတွက်




*Source: မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်*

## မတည်ရင်းနှီးငွေပမာဏ (US $ သန်း)




*Source: မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်*

၄။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအထိ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမှုသည် တစ်လလျှင်ပျမ်းမျှ (ဒေါ်လာသန်း ၅၀၀ ခန့်) ဝင်ရောက်မှုရှိခဲ့ပါသည်။ ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနက် လျှပ်စစ်ဓာတ်အားကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုမှာ ပထမအများဆုံးဖြစ်ပြီး အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍမှာ ဒုတိယအများဆုံးနှင့်စက်မှုကဏ္ဍတွင် တတိယအများဆုံးဖြစ်ပါသည်။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုကဏ္ဍအလိုက် လုပ်ငန်းများအနေဖြင့်လည်း အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍသည် ပထမအများဆုံးဖြစ်ပြီး၊ စက်မှုကဏ္ဍသည် ဒုတိယအများဆုံးဖြစ်သကဲ့သို့ တတိယအများဆုံးမှာ ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖြစ်ပါသည်။[2]

## အလုပ်အကိုင်ရရှိမှု

၅။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူသားအလုပ်သမားများကို ကာယအလုပ်သမားများနှင့်ဉာဏအလုပ်သမားများဟူ၍ (၂) မျိုးခွဲခြားထားပါသည်။ စက်မှုဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတွင်ဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ဖြစ်စေ စီးပွားရေးနှင့်နိုင်ငံရေးများ လုပ်ဆောင်ရာတွင်ကာယအလုပ်သမားများနှင့်ဉာဏအလုပ်သမားများဖြစ်သော အခြေခံအလုပ်သမားများသည် အဓိကပါဝင်လျက်ရှိပါသည်။

**၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အလုပ်အကိုင်ရရှိမှုအခြေအနေ**

| စဉ် | ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် | အလုပ်ရရှိမှု (ဦးရေ) | | |
|---|---|---|---|---|
| | | အစိုးရ | ပုဂ္ဂလိက | စုစုပေါင်း |
| ၁။ | ပြည်ထောင်စုနယ်မြေ | ၈၉ | ၂၅ | ၁၁၄ |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | ၉၂ | ၁၅၇၄၉ | ၁၅၈၄၁ |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | ၃၄ | ၁၁၈၀ | ၁၂၁၅ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ၁၉ | ၃၀၅၀ | ၃၀၆၉ |
| ၅။ | မန္တလေးတိုင်းဒေသကြီး | ၂၀ | ၁၂၆၁ | ၁၂၈၁ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၇၅ | ၄၂၄ | ၄၉၉ |

[2] မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတို့တွင် ဆောင်ရွက်ခဲ့ သည့်လုပ်ငန်းဆောင်ရွက်မှု၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှ ရရှိထားထားပါသည်။

| စဉ် | ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် | အလုပ်ရရှိမှု (ဦးရေ) | | |
|---|---|---|---|---|
| | | အစိုးရ | ပုဂ္ဂလိက | စုစုပေါင်း |
| ၇။ | မကွေးတိုင်းဒေသကြီး | ၃၀ | ၄၆၉ | ၄၉၉ |
| ၈။ | တနင်္သာရီတိုင်းဒေသကြီး | ၂၂ | ၂၃၄ | ၂၅၆ |
| ၉။ | ကချင်ပြည်နယ် | ၁၉ | ၃၈၈ | ၄၀၇ |
| ၁၀။ | ကယားပြည်နယ် | ၅ | ၇၀ | ၇၅ |
| ၁၁။ | ကရင်ပြည်နယ် | ၈ | ၃၅၁ | ၃၅၉ |
| ၁၂။ | ချင်းပြည်နယ် | ၂ | ၄၀ | ၄၂ |
| ၁၃။ | မွန်ပြည်နယ် | ၂၇ | ၂၁၈ | ၂၄၅ |
| ၁၄။ | ရခိုင်ပြည်နယ် | ၉ | ၁၀၃ | ၁၁၂ |
| ၁၅။ | ရှမ်းပြည်နယ် | ၂၀ | ၇၂၅ | ၇၄၅ |
| စုစုပေါင်း | | ၄၇၁ | ၂၄၂၈၈ | ၂၄၇၅၉ |


**မှတ်ချက်။** အထက်ပါဇယားအရ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အလုပ်ရရှိမှုအခြေအနေများတွင်ရန်ကုန်တိုင်းဒေသကြီးတွင်အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးမှာ ပဲခူးတိုင်းဒေသကြီးဖြစ်သကဲ့သို့ တတိယအများဆုံးမှာ မန္တလေးတိုင်းဒေသကြီးဖြစ်ပါသည်။

**၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအခြေအနေ**

| စဉ် | ပြည်ပနိုင်ငံ | စေလွှတ်ဦးရေ |
|---|---|---|
| ၁။ | မလေးရှားနိုင်ငံ | ၄၄၀၈ |
| ၂။ | စင်ကာပူနိုင်ငံ | ၆၉ |
| ၃။ | ကိုရီးယားနိုင်ငံ | ၂၆၇ |
| ၄။ | ထိုင်းနိုင်ငံ | ၂၃၅၈၆ |
| ၅။ | ဂျပန်နိုင်ငံ | ၇၆၁ |

| စဉ် | ပြည်ပနိုင်ငံ | စေလွှတ်ဦးရေ |
|---|---|---|
| ၆။ | ယူအေအီးနိုင်ငံ | ၅၈ |
| ၇။ | ဂျော်ဒန်နိုင်ငံ | ၆၇ |
| ၈။ | ကာတာနိုင်ငံ | ၁၁ |
| စုစုပေါင်း | | ၂၉၂၂၇ ဦး |

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှု ရာခိုင်နှုန်း[3]




## စတော့ရှယ်ယာ

၆။ စတော့ရှယ်ယာဆိုသည်မှာ ကုမ္ပဏီများမှ ၎င်းတို့၏ အရင်းအနှီးတိုးမြှင့်ရန်ထုတ်ဝေထားသော ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် ရှယ်ယာများကို ခေါ်ဆိုခြင်းဖြစ်ပါသည်။ ကုမ္ပဏီတစ်ခုသည် လုပ်ငန်းများချဲ့ထွင်လုပ်ကိုင်နိုင်ရန် ငွေကြေးလိုအပ်လာသည့်အခါ ၎င်းတို့၏ရှယ်ယာများကို စတော့အိတ်ချိန်းမှတစ်ဆင့် အများပြည်သူထံ ထုတ်ရောင်းခြင်း၊ ယင်းကုမ္ပဏီ၏စတော့ရှယ်ယာပိုင်ဆိုင်ထားသူများက စတော့အိတ်ချိန်းတွင်တင်ပြီး အရောင်းအဝယ်ပြုလုပ်ခြင်းဖြစ်ပါသည်။[4]


[3] https://www.mol.gov.mm/mm/wp-content/uploads/2016/10/Labour-Exchange-OfficeannexJan- 2020.pdf (Access Date 6.3.2020)

[4] ခင်မောင်မြင့်၊ ၂၀၁၆-ဒီဇင်ဘာလထုတ်၊ မော်ကွန်းမဂ္ဂဇင်း အမှတ်(၄၁)၊ https://tinyurl.com/u5kj7mf မှ ကောက်နုတ်ရရှိပါသည်။

## ရန်ကုန်စတော့အိတ်ချိန်း၏ စတော့ဈေးကွက်လည်ပတ်မှု အခြေအနေ(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ)

၇။ ရန်ကုန်စတော့အိတ်ချိန်းသည် ၂၀၁၆ ခုနှစ်၊ မတ်လတွင် စတော့ရှယ်ယာ အရောင်းအဝယ် စတင်ခွင့်ပြုခဲ့ပြီး လက်ရှိတွင် စာရင်းဝင်ကုမ္ပဏီများဖြစ်သည့် First Myanmar Investment Public Co.ltd၊ Myanmar Thilawa SEZ Holdings Public Co.ltd၊ Myanmar Citizens Bank Ltd၊ First Private Bank Ltd၊ TMH Telecom Public Ltd စသည့် ကုမ္ပဏီ (၅) ခုဖြင့် လည်ပတ်လျက်ရှိပါသည်။ သို့ဖြစ်ရာ ယင်းကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံလိုသူများသည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities Company) များ နှင့် ချိတ်ဆက်ကာ ရှယ်ယာအရောင်းအဝယ်များ ပြုလုပ် လျက်ရှိပါသည်။[5] သို့ဖြစ်၍ ကုမ္ပဏီအလိုက် ရှယ်ယာဈေးနှုန်း အနည်းအများကို သိရှိစေရန် စာရင်းဝင်ကုမ္ပဏီ (၅) ခု၏ ဈေးနှုန်းများအား အောက်ပါဇယားတွင် ဖော်ပြထားပါသည်-


### ဇန်နဝါရီလအတွင်း စတော့ရှယ်ယာကုမ္ပဏီ (၅) ခု၏ ပျမ်းမျှရှယ်ယာ ဈေးနှုန်းများ (ကျပ်)




*Source: Yangon Stock Exchange, Market Statistics Monthly*

[5] ရန်ကုန်စတော့ အိတ်ချိန်း အစုရှယ်ယာတွင် ရင်းနှီးမြှုပ်နှံသူများ ချိတ်ဆက်ကာ အစုရှယ်ယာ အရောင်းအဝယ်ပြုလုပ် (စက်တင်ဘာ ၃ ရက် ၂၀၁၉) kyaemon

## ဖေဖော်ဝါရီလအတွင်း စတော့ရှယ်ယာကုမ္ပဏီ (၅) ခု၏ ပျမ်းမျှရှယ်ယာဈေးနှုန်းများ (ကျပ်)




*Source: Yangon Stock Exchange, Market Statistics Monthly*

### ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း စတော့ရှယ်ယာအရောင်းအဝယ်ဖြစ်ပေါ်မှု[6]

- စဉ်ဆက်မပြတ်အစုရှယ်ယာအရောင်းအဝယ်ဖြစ်ပေါ်မှု = ၁.၂၅ ဘီလီယံကျော် (Continuous Trading)(ရှယ်ယာစောင်ရေ ၁၇၆,၀၀၀)
- အမြောက်အမြားရှယ်ယာအရောင်းအဝယ်ဖြစ်ပေါ်မှု = ၄၃.၀၆ သန်းကျော် (Block Trading)(ရှယ်ယာစောင်ရေ ၁၀,၉၀၀)

### ၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း စတော့ရှယ်ယာဈေးနှုန်း[7]

- စဉ်ဆက်မပြတ်အစုရှယ်ယာအရောင်းအဝယ်ဖြစ်ပေါ်မှု = ၁.၄၈ ဘီလီယံကျော် (Continuous Trading) (ရှယ်ယာစောင်ရေ ၁၈၈,၉၁၉)
- အမြောက်အမြားရှယ်ယာအရောင်းအဝယ်ဖြစ်ပေါ်မှု = ၀.၅၉ ဘီလီယံကျော် (Block Trading) (ရှယ်ယာစောင်ရေ ၁၄၉,၂၀၀)


### နိုင်ငံတကာငွေကြေးလဲလှယ်နှုန်း

၈။ မြန်မာနိုင်ငံဗဟိုဘဏ်တွင် အမေရိကန်၊ ဥရောပ၊ စင်ကာပူ၊ ဗြိတိန်၊ ဂျပန်၊ ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ မလေးရှားနှင့်ထိုင်း စသည်နိုင်ငံများ၏ ငွေကြေးပေါက်ဈေးများ

[6] Yangon Stock Exchange, Market Statistics Monthly (1/2020), https://ysx-mm.com/wp-content/uploads/ 2020/01/hd_012020.pdf
[7] Yangon Stock Exchange, Market Statistics Monthly (2/2020), https://ysx-mm.com/wp-content/uploads /2020/02/hd_022020.pdf

ဖော်ပြထားရာ အမေရိကန်၊ စင်ကာပူ၊ ဂျပန်၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့၏ အပတ်စဉ်အလိုက် ပျမ်းမျှ ငွေကြေးပေါက်ဈေးများကို အောက်ဖော်ပြပါ Line Graph ဖြင့် ဖော်ပြထားပါသည်-[8]

**၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွက် နိုင်ငံတကာငွေကြေး ပျမ်းမျှ ဈေးနှုန်း (ကျပ်)**




*Source: ဗဟိုဘဏ်ပေါက်ဈေး*

**မှတ်ချက်။** ကမ္ဘာ့စီးပွားရေးအင်အား အကြီးဆုံးဖြစ်သည့်အမေရိကန်ဒေါ်လာဈေး အတက်အကျသည် တစ်ကမ္ဘာလုံးစီးပွားရေးကို ရိုက်ခတ်မှုရှိပါသည်။[9]

## စားသုံးသူဈေးဆနှုန်းကိန်း (Consumer Price Index –CPI)

၉။ စားသုံးသူဈေးနှုန်းညွှန်းကိန်း (CPI) ဆိုသည်မှာ သယ်ယူပို့ဆောင်ရေး၊ အစားအစာနှင့် ဆေးဝါးကုသမှုတို့ကဲ့သို့သော စားသုံးကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုအုပ်စုများ၏ ပျမ်းမျှဈေးနှုန်းများကိုဆန်းစစ်သည့် အတိုင်းအတာတစ်ခုဖြစ်ပါသည်။ စီးပွားရေးအဆောက်အအုံအတွင်းတွင် စားသုံးသူများသုံးစွဲသော ကုန်စည်အရေအတွက် အများအပြားရှိသကဲ့သို့ ၄င်းတို့၏ဈေးနှုန်းများမှာလည်းအများအပြားရှိရာ စားသုံးသူဈေးဆနှုန်းကိန်း (CPI) ကို တွက်ချက်ရာတွင် ကုန်စည်တိုင်းကို တွက်ချက်ရန် မလိုအပ်ပါ။ မြို့ပြဒေသမှ စားသုံးသူတို့၏ အစားအစာ၊ နေအိမ်၊ အဝတ်အထည်၊ ကျန်းမာရေးစရိတ်အစရှိသဖြင့် လိုအပ်မည့်ပစ္စည်းများ၏ ဈေးနှုန်းများကို အခြေခံပြီးတွက်ချက်

[8] မြန်မာ့အလင်းသတင်းစာ၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလထုတ်မှ ရရှိထားပါသည်။

[9] https://www.moi.gov.mm/npe:zg/?q=article/8/10/2014/id-14386

ပါက CPI ရရှိလာပါမည်။ ယင်း CPI ပြောင်းလဲမှုကိုလေ့လာခြင်းဖြင့် ငွေကြေးဖောင်းပွမှု နှုန်း (rate of inflation) ကို သိရှိနိုင်ပါသည်။

၁၀။ လူတို့သည် နေထိုင်ရာဒေသ၊ ယဉ်ကျေးမှုတို့ပေါ်အခြေတည်၍ ဓလေ့ထုံးစံများ၊ အယူအဆများ၊ စားသောက်မှုပုံစံများ၊ ဝတ်စားဆင်ယင်မှုများ စသဖြင့်ကွဲပြားခြားနားကြပါသည်။ မည်သည့်ကုန်စည်နှင့် ဝန်ဆောင်မှုများကို မည်သည့်အချိန်တွင် မည်မျှထိအသုံးပြုကြသည်၊ ထိုကုန်စည်များနှင့် ဝန်ဆောင်မှုများသည် မည်မျှထိအရေးပါမှုရှိသည်၊ မည်သည့်ရာခိုင်နှုန်းထိ ပါဝင်နေသည်ကို သိရှိရန်လိုအပ်ပါသည်။ ထို့ပြင် ယင်းကုန်စည်များ၏ ဈေးနှုန်းများ အတက်အကျသည် မည်သည့်အချိန်တွင် မည်မျှသောအတိုင်းအတာနှင့် မည်သို့သောအခြေအနေရှိမည် စသည်တို့သည် နေထိုင်စားသောက်မှုစရိတ်များ တိုင်းတာရာတွင်ပါဝင်မည်ဖြစ်ပါသည်။[10]

$$\mathbf{CPI} = \frac{\mathbf{P_i}}{\mathbf{P_b}} \times \mathbf{100}$$

CPI = ဈေးဆနှုန်းကိန်း

$P_i$ = ယခုနှစ်၏ဈေးနှုန်း

$P_b$ = အခြေပြုနှစ်၏ဈေးနှုန်း

(သို့မဟုတ်)

$$\mathbf{CPI} = \frac{\sum(\mathbf{Quantity} \times \mathbf{Current\ Price})}{\sum(\mathbf{Quantity} \times \mathbf{Base - year\ Price})} \times \mathbf{100}$$

## ငွေကြေးဖောင်းပွမှု

၁၁။ ငွေကြေးဖောင်းပွမှုကို အချိန်ကာလအတန်ကြာ အထွေထွေဈေးနှုန်းအဆင့် မြင့်တက်လာခြင်းဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပါသည်။ သို့သော် အချို့သောရောင်းကုန်များ၏ ဈေးနှုန်းမြင့်တက်ခြင်းကို ထည့်သွင်းမစဉ်းစားနိုင်ပါ။ ဥပမာအားဖြင့် ကားတစ်စီး၏ ဈေးနှုန်းမြင့်တက်ခြင်းကို ငွေကြေးဖောင်းပွမှုဟုမဆိုလိုပါ။ လူအများစားသုံးသည့် အခြေခံကုန်စည်များ၏ ဈေးနှုန်းများ အချိန်ကာလအတန်ကြာ မြင့်တက်လာခြင်းကို ငွေကြေးဖောင်းပွမှုရှိသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။[11] တည်ငြိမ်ပြီး အလယ်အလတ်ရှိသော ငွေကြေးဖောင်းပွမှုနှုန်းသည် ကောင်းမွန်သော စီးပွားရေးတိုးတက်မှု နှင့်ဆက်စပ်မှုရှိနိုင်ပါသည်။[12] ငွေကြေးဖောင်းပွမှုနှုန်းကိုတွက်ချက်သည့် ပုံသေနည်းမှာ-

$$\mathbf{Rate\ of\ Inflation\ of\ Consumer\ Price\ \%} = \frac{\mathbf{CPI\ (this\ year) - CPI\ (last\ year)}}{\mathbf{CPI\ (Last\ year)}}$$

[10] https://www.investopedia.com/terms/c/consumerpriceindex.asp

[11] https://stiedu.net/blogdetails/12

[12] http://detalus.com/inflation-the-good-the-bad-and-the-ugly/

# အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းကိန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂ = ၁၀၀

| စဉ် | အုပ်စုအမည် | အလေးပေးမှု (%) | ၂၀၁၉ ခုနှစ် | | ယခင်လနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် ရာခိုင်နှုန်း | ပျမ်းမျှ ငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအထိ) |
|---|---|---|---|---|---|---|
| | | | နိုဝင်ဘာလ | ဒီဇင်ဘာလ | | |
| (က) | စုစုပေါင်းစားသုံးသူဈေးဆနှုန်း | ၁၀၀ | ၁၆၁.၂၆ | ၁၆၁.၇၂ | ၀.၂၉ | ၈.၈၁ |
| ၁ | အစားအစာအုပ်စု | ၅၈.၄၆ | ၁၇၃.၉၃ | ၁၇၄.၁၃ | ၀.၁၁ | ၉.၀၂ |
| | အစားအစာမဟုတ်သောအုပ်စု | ၄၁.၅၄ | ၁၄၃.၄၃ | ၁၄၄.၂၆ | ၀.၅၈ | ၈.၄၇ |
| ၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၅၂.၉၃ | ၁၅၇.၅၄ | ၃.၀၁ | ၂.၅၁ |
| ၃ | အဝတ်အထည် | ၃.၂၄ | ၁၂၈.၆၉ | ၁၂၉.၁၃ | ၀.၃၄ | ၄.၉၈ |
| ၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၈ | ၁၉၈.၇၇ | ၁၉၉.၄၅ | ၀.၃၄ | ၁၈.၆၅ |
| ၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၃၁.၇၁ | ၁၃၂.၇၇ | ၀.၈၁ | ၇.၅၃ |
| ၆ | ကျန်းမာရေး | ၂.၁၃ | ၁၅၉.၃၅ | ၁၆၀.၀၄ | ၀.၄၃ | ၈.၇၈ |
| ၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၄ | ၁၁၇.၂၃ | ၁၁၇.၇၂ | ၀.၄၂ | ၃.၉၉ |
| ၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၁.၄၂ | ၁၀၁.၄၃ | ၀.၀၁ | -၀.၇၆ |
| ၉ | အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှု | ၁.၀၃ | ၁၂၃.၁၉ | ၁၂၃.၃၁ | ၀.၁ | ၁၀.၃၇ |

| စဉ် | အုပ်စုအမည် | အလေးပေးမှု (%) | ၂၀၁၉ ခုနှစ် | | ယခင်လနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် ရာခိုင်နှုန်း | ပျမ်းမျှ ငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအထိ) |
|---|---|---|---|---|---|---|
| | | | နိုဝင်ဘာလ | ဒီဇင်ဘာလ | | |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၃၈.၉၇ | ၁၃၉.၁၄ | ၀.၁၃ | ၅.၉၁ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၆ | ၁၃၁.၉၄ | ၁၃၃.၇ | ၁.၃၃ | ၄.၈၅ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၁၄၆.၈၂ | ၁၄၆.၈၁ | -၀.၀၁ | ၁၀.၂၁ |
| (ခ) | အစားအစာနှင့် လောင်စာဆီ မပါဝင် သောစားသုံးသူ ဈေးဆနှုန်း (Core CPI) | ၃၂.၆၃ | ၁၄၀.၃၈ | ၁၄၁.၂၂ | ၀.၆ | ၉.၉၆ |


အထက်ပါဇယားအရ -

- ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလ၏ စားသုံးသူဈေးဆနှုန်းကို နှိုင်းယှဉ်ပါက နိုဝင်ဘာလအတွင်း ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်မှုနှုန်း နည်းခဲ့သော်လည်း ဒီဇင်ဘာလတွင် ပြန်လည်မြင့်တက်လာခဲ့ပါသည်။
- ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအထိ တစ်နှစ်လုံးအတွက် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၈.၈၁% ဖြစ်ပြီး အစားအစာအုပ်စုနှင့်လောင်စာဆီ မပါဝင်ဘဲ တွက်ချက်ထားသော ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) မှာ ၉.၉၆% ဖြစ်ပါသည်။[13]

[13]Central Statistical Organization, Monthly Inflation Report Jan, 2020.

## ရွှေဈေးနှုန်းနှင့် ရွှေ၏အရေးပါမှု

၁၂။ ရွှေသည် ကမ္ဘာတွင် လူသုံးအများဆုံး၊ လူကြိုက်အများဆုံး အဖိုးတန်သတ္တုတစ်ခုဖြစ်ပြီး ခေတ်အဆက်ဆက် ငွေကြေးအဖြစ် အသုံးပြုခဲ့သော သတ္တုတစ်မျိုးဖြစ်ပါသည်။ ယခုအချိန်အထိလည်း နိုင်ငံတော်တော်များများတွင် ၎င်းတို့၏ ငွေကြေးကို ရွှေနှင့်ချိတ်ဆက် တွက်ချက်ထားပါသည်။ မြန်မာနိုင်ငံတွင်လည်း ရွှေကိုအမြတ်တနိုးတန်ဖိုးထားကြပြီး လက်ဝတ်ရတနာနှင့် စုဆောင်းမှုအဖြစ်ပါ အသုံးပြုနေကြပါသည်။[14] မြန်မာနိုင်ငံတွင် ရွှေကို ၁၅ ပဲရည်နှင့် ၁၆ ပဲရည်ဟူ၍ (၂) မျိုးခွဲခြားပြီး အရောင်းအဝယ် ပြုလုပ်ကြပါသည်။ ၁၅ ပဲရည်ရွှေသည် ကြေး သို့မဟုတ် ငွေ ၁ ပဲ ရောနှောထားသော ရွှေအမျိုးအစားဖြစ်ပြီး ၁၆ ပဲရည်ရွှေသည် အကယ်ဒမီ မီးလင်းအခေါက်ရွှေ ရွှေသားစစ်စစ်ကို ခေါ်ဆိုခြင်းဖြစ်ပါသည်။[15] ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွက် ရွှေတစ်ကျပ်သား ပျမ်းမျှဈေးနှုန်းကို အပတ်စဉ်အလိုက် အောက်ဖော်ပြပါ Line Graph ဖြင့် ဖော်ပြထားပါသည်–[16]




*Source: အောင်သမာဓိရွှေဆိုင်*

**မှတ်ချက်။** ကမ္ဘာ့နိုင်ငံရေး မတည်ငြိမ်မှုကြောင့် မြန်မာ့ရွှေဈေး မြင့်တက်ခြင်းဖြစ်ပါသည်။[17]

---

[14] https://news-eleven.com/article/127736


[15] https://my.wikipedia.org/wiki/%E1%80%9B%E1%80%BD%E1%80%BE%E1%80%B1

[16] မြန်မာ့အလင်းသတင်းစာ၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလထုတ်မှ ရရှိထားပါသည်။

[17] https://burma.irrawaddy.com/business/2020/01/07/212260.html

## စက်သုံးဆီ

၁၃။ မြန်မာနိုင်ငံသည် ရေနံထွက်ရှိသော်လည်း နည်းပညာအခက်အခဲနှင့် အရင်းအနှီးအခက်အခဲများကြောင့် စက်သုံးဆီ မထုတ်လုပ်နိုင်ခြင်းနှင့် ပမာဏများများသိုလှောင်နိုင်မည့် သိုလှောင်ကန်များ မရှိခြင်းတို့ကြောင့် စက်သုံးဆီများကို ပြည်ပမှ မှာယူတင်သွင်းနေရသည့်အတွက် ပြည်ပ၌ ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်လာတိုင်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းအပေါ်လာရောက် ရိုက်ခတ်လေ့ရှိပါသည်။[18]စက်သုံးဆီတင်သွင်းရာတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တရားဝင်သတ်မှတ်ပေးထားသော စက်သုံးဆီအမျိုးအစားများမှာ ဒီဇယ်၊ ပရီမီယံဒီဇယ်၊ အောက်တိန်း ၉၂၊ အောက်တိန်း ၉၅နှင့် အောက်တိန်း ၉၇ တို့ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံတွင် အောက်တိန်း ၉၇ ကို တရားဝင်တင်သွင်းခြင်း မရှိပါ။[19] ထို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း တရားဝင်တင်သွင်းသော စက်သုံးဆီအမျိုးအစားများ၏ ပျမ်းမျှလက်လီဈေးနှုန်းကို အပတ်စဉ်အလိုက် Line Graph ဖြင့် ဖော်ပြထားပါသည်-[20]




*Source: မြန်မာနိုင်ငံစက်သုံးဆီများအသင်း*

**မှတ်ချက်။** စက်သုံးဆီကို ပြည်ပမှ တင်သွင်းရခြင်းကြောင့် စက်သုံးဆီဈေးနှုန်း အတက်အကျ မကြာခဏ ဖြစ်ပေါ်ပါသည်။[21]

[18] https://burma.irrawaddy.com/business/2019/09/17/204082.html
[19] https://tinyurl.com/r8w6xz3
[20] မြန်မာ့အလင်းသတင်းစာ၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလထုတ်မှ ရရှိထားပါသည်။
[21] https://elevenmyanmar.com/news/86097

## အစားအစာအုပ်စု

၁၃။ အစားအစာအုပ်စုများတွင် ဆန် (ငစိန်၊ ဧည့်မထ၊ ငကြွဲ)၊ စားအုန်းဆီ၊ ငါး၊ ကုန်ခြောက် ပစ္စည်းများ၊ ပဲအမျိုးမျိုး၊ အသီးအနှံနှင့် ဟင်းသီးသင်းရွက်များ၊ မြေပဲဆီ၊ နှမ်းဆီ၊ ဟင်းရွက်ဆီ၊ ကြက်သား၊ ဝက်သား၊ ဆိတ်သား၊ အမဲသားနှင့် ငရုတ်သီးခြောက် (အပု/အရှည်) စသည်တို့ ပါဝင်ပါသည်။[22] ၎င်းအစားအစာအုပ်စုများအနက် စားသောက်ကုန်အချို့၏ ပျမ်းမျှလက်လီ ကုန်စျေးနှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်–

**ဖေဖော်ဝါရီလအတွက် စားသောက်ကုန်များ၏ ပျမ်းမျှလက်လီစျေးနှုန်း (ရန်ကုန် ကုန်စည်ဒိုင်)**

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | ပျမ်းမျှလက်လီစျေးနှုန်း (ကျပ်) |
|---|---|---|---|
| ၁။ | ဆန်(ဧည့်မထ အလတ်စား) | ပြည် | ၁၁၀၀ |
| ၂။ | ဆန်(ပေါ်ဆန်းမွှေး အလတ်စား) | ပြည် | ၂၂၀၀ |
| ၃။ | မြေပဲဆီ(ရှယ်) | ပိဿာ | ၇၃၀၀ |
| ၄။ | မြေပဲဆီ(အလတ်စား) | ပိဿာ | ၄၉၀၀ |
| ၅။ | နှမ်းဆီ | ပိဿာ | ၈၀၀၀ |
| ၆။ | စားအုန်းဆီ | ပိဿာ | ၂၂၆၃ |
| ၇။ | ကုလားပဲခြမ်း | ပိဿာ | ၂၅၀၀ |
| ၈။ | ပဲနီလေး | ပိဿာ | ၄၅၀၀ |
| ၉။ | ပဲကြီး | ပိဿာ | ၃၅၀၀ |
| ၁၀။ | စားတော်ပဲ | ပိဿာ | ၂၆၀၀ |
| ၁၁။ | ငရုတ်သီးခြောက်(အပု) | ပိဿာ | ၁၆၀၀၀ |
| ၁၂။ | ကြက်သွန်ဖြူ | ပိဿာ | ၈၁၅၈ |
| ၁၃။ | ကြက်သွန်နီ | ပိဿာ | ၂၃၃၇ |

[22] ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့က ထုတ်ပြန်သော Monthly Inflation Report Jan, 2019 မှ ရရှိထားပါသည်။

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | ပျမ်းမျှလက်လီဈေးနှုန်း (ကျပ်) |
|---|---|---|---|
| ၁၄။ | အာလူး | ပိဿာ | ၁၂၀၀ |
| ၁၅။ | ကြက်သား | ပိဿာ | ၅၀၀၀ |
| ၁၆။ | ဝက်သား | ပိဿာ | ၁၂၀၀၀ |
| ၁၇။ | အမဲသား | ပိဿာ | ၁၅၅၇၉ |
| ၁၈။ | ဆိတ်သား | ပိဿာ | ၂၈၂၁၁ |
| ၁၉။ | ငါးခူ | ပိဿာ | ၁၁၈၄၂ |
| ၂၀။ | ငါးကျည်း | ပိဿာ | ၁၂၈၉၅ |
| ၂၁။ | ငါးသလောက် | ပိဿာ | ၁၇၀၅၃ |
| ၂၂။ | ငါးကြင်း | ပိဿာ | ၈၀၀၀ |
| ၂၃။ | ငါးမြစ်ချင်း | ပိဿာ | ၄၉၁၆ |
| ၂၄။ | ပုစွန်ထုပ် | ပိဿာ | ၁၇၆၈၄ |
| ၂၅။ | ပုစွန်ကြော် | ပိဿာ | ၁၁၇၈၉[23] |

ဤစာတမ်းတိုအား ဒေါ်သီတာဖြူ (လ/ထ ညွှန်ကြားရေးမှူး)၊ ဒေါ်ခင်မေသန်း (ဒု-ဦးစီးမှူး)၊ ဒေါ်ကြည်ဦး (ဒု-ဦးစီးမှူး) နှင့် ဒေါ်သန္တာဦး (အကြီးတန်းစာရေး) တို့မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။

သုတေသနဌာန
ပြည်သူ့လွှတ်တော်ရုံး

[23] https://www.mopfi.gov.mm/my/page/planning/central-statistical-organization-cso/967

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။